# ကန်ဒေါ်လာ ၁၂၀၀ ချီးမြှင့်မည့် နိုင်ငံတကာလူငယ်စာစီစာကုံးပြိုင်ပွဲ မြန်မာလူငယ်များဝင်ရောက်ယှဉ်ပြိုင်နိုင်

ရန်ကုန်၊ ဇွန်၄

ဂျပန်နိုင်ငံရှိ Goi Peace Foundation နှင့် ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ပူးပေါင်းစီစဉ်မှုဖြင့်ကျင်းပသည့် အမြင့်ဆုံးအမေရိကန်ဒေါ်လာ ၁၂၀၀ ဆုချီးမြှင့်မည့်အပြင် ဂျပန်နိုင်ငံသို့ပါ သွားရောက်ခွင့်ရရှိမည့် နိုင်ငံတကာလူငယ် စာစီစာကုံးပြိုင်ပွဲ(International Essay Contest For Young People) သို့ မြန်မာလူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း အဆိုပါ ဖောင်ဒေးရှင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် ကမ္ဘာကြီးကို ကောင်းမွန်သော နေရာတစ်ခုဖြစ်အောင် တွန်းအားပေးနိုင်ပြီး မိမိကိုပြောင်းလဲစေခဲ့သော အတွေ့အကြုံအကြောင်းအား My Story Of Inspiration ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အသက် ၁၅ နှစ်မှ ၂၅နှစ်အတွင်းရှိ မည်သူမဆို ယှဉ်ပြိုင်နိုင်ပြီး စာစီစာကုံးကို အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ဂျာမန် ဘာသာစကားများဖြင့် ရေးသားပေးပို့မည် ဆိုပါက စာလုံးရေ ၈၀၀ နီးပါး၊ ဂျပန်ဘာသာစကားနှင့်ဆိုလျှင် စာလုံးရေ ၁၆၀၀နီးပါး ရှိရမည်ဖြစ်ကြောင်း၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း International and UNESCO Affairs (IUA)Unit မှ Mrs.Lucy Moala-Mafi က ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုအဖြစ် ယန်းတစ်သိန်း (ကန်ဒေါ်လာ၁၂၀၀)၊ ဒုတိယဆုအဖြစ် ယန်းငါးသောင်း(ကန်ဒေါ်လာ၆၀၀)၊ တတိယဆုနှင့် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပထမဆုရရှိသူကို ဂျပန်နိုင်ငံတိုကျိုမြို့သို့ ဖိတ်ခေါ်ကာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ဆုရရှိသူစာရင်းကို www.goipeace.or.jp နှင့် www.unesco .org/youth တို့တွင် နိုဝင်ဘာလအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအသေးစိတ်အချက်အလက်များကို လည်း အဆိုပါ Website များတွင် ဝင်ကြည့်ရှုနိုင်ကြောင်း Goi Peace Foundation ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုရီးယားနိုင်ငံ Youth Camp သို့သွားရောက်ဖူးသူ အသက် ၂၆နှစ်အရွယ် ကိုတူးက "ဒါက လူငယ်တွေအတွက် အခွင့်အလမ်းတစ်ခုပါ။ လက်မလွှတ်သင့်ပါဘူး။ ဒီပြိုင်ပွဲမှာ ဆုရရင် ဂျပန်နိုင်ငံကို သွားခွင့်ရမှာမို့ ဟိုကလူငယ်တွေနဲ့လည်း အသိပညာဖလှယ်လို့ရပါတယ်" ဟုဆိုသည်။ ■